# အရေးတော်ပုံကျမ်းများ၏စကားပြေအရေးအသား

## ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မနွယ်နွယ်လတ်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "အရေးတော်ပုံကျမ်းများ၏ စကားပြေအရေးအသား"ကို လေ့လာတင်ပြထားသော ကျမ်းဖြစ်ပါသည်။ မြန်မာစာပေနယ်ရှိ အရေးတော်ပုံကျမ်းများ၏ စကားပြေအရေးအသားကို လေ့လာစိစစ်ခြင်းဖြင့် မြန်မာ စကားပြေအရေးအသား ဖွံ့ဖြိုးတိုးတက်လာမှုကို ဆန်းစစ်နိုင်ရန် ရည်ရွယ်ပါသည်။ ထိုရည်ရွယ်ချက်နှင့် ခေတ်အသီးသီးမှ အရေးတော်ပုံကျမ်းများကို စုဆောင်းပါသည်။ ကျမ်းအရေအတွက်နှင့် ပတ်သက်၍ ပညာရှင်တို့၏ အဆိုနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ပါသည်။ ဤကျမ်းတွင် အရေးတော်ပုံကျမ်းများဟု သတ်မှတ်နိုင်သော ရာဇာဓိရာဇ် အရေးတော်ပုံ၊ ဟံသာဝတီဆင်ဖြူရှင် အရေးတော်ပုံ၊ ဧည့်ဝတီအရေးတော်ပုံ၊ အလောင်းဘုရားအရေးတော်ပုံ နှစ်စောင်၊ မဇ္ဈိမဒေသ အရေးတော်ပုံကျမ်းများ၏ စကားပြေ အရေးအသားကို လေ့လာစိစစ်ပြထားပါသည်။ မဇ္ဈိမဒေသအရေးတော်ပုံကျမ်းကို ပညာရှင်တို့က အရေးတော်ပုံကျမ်းမဟုတ်ဟု သတ်မှတ်ခဲ့ကြသည်။ လေ့လာကြည့်သောအခါ မင်းတစ်ပါး၏ ထီးနန်းအာဏာတည်မြဲရေးအတွက် ပုန်ကန်ခြားနားသူတို့ကို တိုက်ခိုက်နှိမ်နင်းခြင်း၊ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ကျမ်းစာကူးရေးခြင်းတို့သည် မင်းတစ်ပါး၏ အရေးတော်ပုံများပင် ဖြစ်သည်။ ထိုသို့ ထီးနန်းအာဏာအတွက်၊ တိုင်းပြည်နှင့် လူမျိုးအတွက် ဆောင်ရွက်ခြင်းများ ပါဝင်၍ အရေးတော်ပုံကျမ်း၏ လက္ခဏာရပ်များနှင့် ပြည့်စုံနေကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် မဇ္ဈိမဒေသအရေးတော်ပုံကျမ်းကို ထည့်သွင်းလေ့လာ စိစစ်တင်ပြထားပါသည်။ ထိုသို့ စိစစ်ရာတွင် စကားလုံးအဆင့်၊ ဝါကျအဆင့်၊ စာပိုဒ်အဆင့်၊ စာပုဒ်အဆင့်ဟူ၍ အဆင့်ဆင့်စိတ်ဖြာကာ တင်ပြထားပါသည်။ ခေတ်အသီးသီးမှ စကားသုံးနှုန်းပုံ၊ အလင်္ကာသုံးပုံ၊ ဝါကျဖွဲ့ပုံ စသည်တို့ကို သုတေသနပြုရာမှထိုခေတ်များ၏ စကားပြေ အရေးအသား အဆင့်အတန်းကို ဖော်ထုတ်နိုင်မည်ဟု ယူဆရပါသည်။ အရေးအဖွဲ့ စိစစ်မှုပညာ (Discourse Analysis)၊ ရေးဟန်ပညာ (Stylistics) လေ့လာမှုအတွက် အတန်အသင့် အထောက်အကူ ပြုနိုင်ပါသည်။